Government of South Australia

# တောင်သြစတြေးလျပြည်နယ် ယဉ်ကျေးမှုစုံ စာတမ်း

*တောင်သြစတြေးလျပြည်နယ် ယဉ်ကျေးမှုစုံ အက်ဥပဒေ ၂၀၂၁ ခုနှစ် (South Australian Multicultural Act 2021)* အားဖြင့် ယဉ်ကျေးမှုစုံစနစ်နှင့် ယဉ်ကျေးမှုများအကြား အပြန်အလှန်ဆက်ဆံမှုစနစ် မြှင့်တင်ပေးသည့်အပြင် တောင်သြစတြေးလျပြည်နယ် ယဉ်ကျေးမှုစုံ စာတမ်း (စာတမ်း) [South Australian Multicultural Charter (the Charter)] ကို ရေးဆွဲပေးသည်။ ဤစာတမ်းအားဖြင့် တောင်သြစတြေးလျပြည်နယ် အေဂျင်စီရုံးများ၊ အဖွဲ့အစည်းများ၊ ပညာရေးကျန်းမာရေးဌာနများ၊ စီးပွားလုပ်ငန်းများနှင့် လူမှုအသိုက်အဝန်းများအပေါ် အားလုံးသော တောင်သြစတြေးလျပြည်နယ် မူဝါဒရေးရာ ဖွံ့ဖြိုးတည်ဆောက်ခြင်းနှင့်အကွ ၎င်းတို့၏ ဝန်ဆောင်မှုများကို ပုံစံတကျလုပ်ဆောင်ခြင်းနှင့် ပို့ချပေးခြင်းတို့အတွက် အခြေခံအုတ်မြစ်အဖြစ် အမြော်အမြင်နှင့် လမ်းညွှန်မှုကို ဆောင်ကျဉ်းပေးပါလိမ့်မည်။

### တောင်သြစတြေးလျပြည်နယ် ယဉ်ကျေးမှုစုံ စာတမ်းက အသိအမှတ်ပြုသည်မှာ -

- အဘိုရင်ဂျင်နယ် လူမျိုးများကို တောင်သြစတြေးလျပြည်နယ်ရှိ မူလပထမ နိုင်ငံလူများအဖြစ် ထူးခြားသော သမိုင်းကြောင်းဆိုင်ရာနှင့် စဉ်ဆက်မပြတ် တည်ရှိနေသည့်အခန်းကဏ္ဍနှင့်အတူ ကာလရှည် အကြာဆုံး ကျယ်ကျယ်ပြန့်ပြန့် ယဉ်ကျေးမှု ရှင်သန်နေရင်း ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာယုံကြည်မှုနှင့် ရှေးအစဉ်အလာ ယုံကြည်မှုများကို ဆက်လက် ထိန်းသိမ်းဖွံ့ဖြိုးပေးနေသည့် တောင်သြစတြေးလျပြည်နယ်ရှိ ပထဝီမြေနှင့်ရေ၏ မိရိုးဖလာ ပိုင်ရှင်များအပြင် အခြေစိုက်နေထိုင်သူများအဖြစ် အသိအမှတ်ပြုပါသည်။
- ကျွန်ုပ်တို့ထက် အရင်ဦးစွာ ရောက်ရှိနေပြီး လူမှုအသိုက်အဝန်းအသစ်များနှင့် ပေါ်ပေါက်နေလျက်ရှိသည့် လူမှုအသိုက်အဝန်းများနှင့်အတူလက်တွဲ၍ တောင်သြစတြေးလျပြည်နယ်၏ ပင်ကိုယ်ရုပ်တည်မှုကို ကူညီပုံဖော်ပေးကြသည့် မျိုးဆက်များ၏ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို အသိအမှတ်ပြုပါသည်။

### ဤစာတမ်းမှာ တောင်သြစတြေးလျပြည်နယ် ပြည်သူများအတွက်ဖြစ်ပြီး ရည်မှန်းသည်မှာ-

- ကျွန်ုပ်တို့၏ လူမှုအသိုက်အဝန်းကို ယဉ်ကျေးမှုဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ လူမျိုးဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ ကွဲပြားခြားနားကျယ်ပြန့်မှုအပေါ် အသိအမှတ်ပြုခြင်းမှတစ်ဆင့် ချိတ်ဆက်ပေးရန် ရည်မှန်းသည်။
- ဗဟုသုတ၊ အတွေးအခေါ်အကြံဉာဏ်များနှင့် အမြင်များကို သွက်လက်ချက်ခြာစွာ ဖော်ထုတ်ပြောဆိုဖလှယ်ပေးနိုင်မည့် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးရန် ရည်မှန်းသည်၊ သို့မှသာ အားလုံးသော တောင်သြစတြေးလျပြည်နယ် ပြည်သူများအနေဖြင့် ကျွန်ုပ်တို့၏ ကွဲပြားခြားနားကျယ်ပြန့်မှု၏ ကြွယ်ဝမှုနှင့် အဖိုးထိုက်တန်မှုကို လေးလေးနက်နက် နားလည်မှုတစ်ရပ်အား ဖွံ့ဖြိုးပေးပါသည်။
- ကျွန်ုပ်တို့၏ လူမှုအသိုက်အဝန်းများအား ကောင်းကျိုးပေးမည်ဖြစ်သည့်အပြင် ကျွန်ုပ်တို့ပြည်နယ်၏ တိုးတက်ကြီးပွားမှုကို ဦးဆောင်ပေးမည်ဖြစ်သည့် ယဉ်ကျေးမှုစုံ မူဝါဒများ တည်ဆောက်ရေးနှင့် ဝန်ဆောင်မှုများ ပို့ချပေးရေးအတွက် အခြေခံ အုတ်မြစ်တစ်ရပ်ကို ဆောင်ကျဉ်းပေးရန် ရည်မှန်းသည်။
- အားလုံးသော တောင်သြစတြေးလျပြည်နယ် ပြည်သူများအတွက် ပူးပေါင်းပါဝင်ပြီး တာဝန်ခံသည့် လုပ်ငန်းခွင်များနှင့် လူမှုအသိုက်အဝန်းများ ဖြစ်မြောက်ရေးကို အားပေးအားမြှောက်ပြုရန် ရည်မှန်းသည်။

## စာတမ်း စည်းမျဉ်းများ

### တောင်သြစတြေးလျပြည်နယ် ယဉ်ကျေးမှုစုံ စာတမ်းသည် စည်းမျဉ်းများကို ပြဋ္ဌာန်းထားသည်၊ ၎င်းအားဖြင့် အားလုံးသော-

1. တောင်သြစတြေးလျပြည်နယ် ပြည်သူများသည် ယဉ်ကျေးမှုဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ လူမျိုးဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ ကွဲပြားခြားနားကျယ်ပြန့်မှုအပြင် ကျွန်ုပ်တို့၏ ပြည်နယ်အတွက် ၎င်းက ပံ့ပိုးပေးခဲ့သည့်၊ ဆက်လက်ပံ့ပိုးပေးမည့် လုပ်ဆောင်ချက်ကို အသိအမှတ်ပြု၊ လေးစားပြီး တန်ဖိုးထားကြသည်။
2. တောင်သြစတြေးလျပြည်နယ် ပြည်သူများကို ကျွန်ုပ်တို့၏ ယဉ်ကျေးမှုဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ လူမျိုးဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ ကွဲပြားခြားနားကျယ်ပြန့်မှုအပေါ် ဗဟုသုတနှင့် နားလည်မှုကို အပြန်အလှန် ဖလှယ်ပေးကြရန် တိုက်တွန်းပါသည်။
3. တောင်သြစတြေးလျပြည်နယ် ပြည်သူများသည် ပူးပေါင်းပါဝင်ဆင်နွှဲသည့် လူမှုအဆောက်အအုံတစ်ရပ်ရှိ လူ့ဘဝနေထိုင်ရေးကဏ္ဍအားလုံး၌ ရှင်သန်နေရန်အတွက် နေထိုင်နိုင်ကြသည်၊ အလုပ်လုပ်နိုင်ကြသည်၊ ပညာသင်ယူဆည်းပူးနိုင်ကြသည်။
4. တောင်သြစတြေးလျပြည်နယ် ပြည်သူများတွင် နှစ်ဖက်အပြန်အလှန် လေးစားမှု၊ နားလည်မှု၊ သာနာမျှတမှုနှင့် အန္တရာယ်ကင်းမဲ့မှုတို့အတွက် အခွင့်အရေးရှိကြသည့်အပြင် မိမိတို့၏ ယဉ်ကျေးမှုဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ လူမျိုးဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ နောက်ခံအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမှ ကင်းရှင်းစေရေးအတွက် အခွင့်အရေးရှိကြသည်။
5. တောင်သြစတြေးလျပြည်နယ် ပြည်သူများသည် မိမိတို့၏ ယဉ်ကျေးမှုဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ ကွဲပြားခြားနားကျယ်ပြန့်မှုကို ဥပဒေနှင့်အညီ ထိန်းသိမ်း၊ ထုတ်ဖော်ပြောဆို၊ ကျင့်သုံးပြီး အောင်ပွဲအထိမ်းအမှတ်ပွဲလမ်း ကျင်းပနိုင်သင့်သည်။
6. တောင်သြစတြေးလျပြည်နယ် ပြည်သူများတွင် ကျွန်ုပ်တို့ပြည်နယ်၏ ပညာရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ နယ်ပယ်များတွင် ပါဝင်ဆင်နွှဲမှုကို ပံ့ပိုးသည့် အခွင့်အလမ်းများနှင့် ဝန်ဆောင်မှုများအား သာနာမျှတစွာ ဝင်ရောက်ရယူခွင့်ရှိကြသည်။

Honourable Peter Malinauskas MP
Premier of South Australia

Honourable Zoe Bettison MP
Minister for Multicultural Affairs

Damien Walker
Chief Executive
Department of the Premier and Cabinet